# မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ။)

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း၄ ရက်

( ၂၀၁၅ ခုနှစ်၊ မတ်လ၂၃ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေသြဇာဥပဒေကိုပြင်ဆင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

၂။ (က) မြေသြဇာဥပဒေတွင်ပါရှိသော "မန်နေဂျာ" ဆိုသည့် စကားရပ်ကို "ဦးစီးမှူး"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) မြေသြဇာဥပဒေတွင်ပါရှိသော "စစ်ဆေးရေးမှူး" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဂ) မြေသြဇာဥပဒေတွင်ပါရှိသော "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာန"ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) ပုဒ်မ၄၊ ပုဒ်မခွဲ (က)တွင်ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေပုဒ်မ ၂တွင် -

(က) ပုဒ်မခွဲ(င)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(င) **စံချိန်စံညွှန်း**ဆိုသည်မှာ သက်ဆိုင်ရာမြေသြဇာတွင်ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ မြေသြဇာကော်မတီက သတ်မှတ်သော အနည်းဆုံးပါဝင်ရမည့်အချိုးအစားနှင့် အရည်အသွေးစံသတ်မှတ်ချက်ကိုဆိုသည်။"

(ခ) ပုဒ်မခွဲ(ဉ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဉ) **လိုင်စင်** ဆိုသည်မှာမြေသြဇာကိုစီးပွားရေးအလို့ငှာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကိုလုပ်ကိုင်ခွင့်ပြုကြောင်းဤဥပဒေအရထုတ်ပေးသောခွင့်ပြုချက်ကိုဆိုသည်။"

(ဂ) ပုဒ်မခွဲ(ဏ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဏ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာပုဒ်မ ၂၂ အရစိုက်ပျိုးရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။"

၄။ မြေသြဇာဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) မြေသြဇာ၏ စံချိန်စံညွှန်းကိုသတ်မှတ်ခြင်း၊ စစ်ဆေးရေးအဖွဲ့ကတင်ပြလာသော မြေသြဇာနမူနာဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်နှင့်စပ်လျဉ်း၍ မြေသြဇာစံချိန်စံညွှန်းနှင့် ညီ မညီ အဆုံးအဖြတ်ပေးခြင်း၊"

၅။ မြေသြဇာဥပဒေပုဒ်မ ၁၃ ၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) မြေသြဇာကိုစီးပွားရေးအလို့ငှာသိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီစိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၆။ မြေသြဇာဥပဒေပုဒ်မ ၁၆ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၁၆။ မြေသြဇာလုပ်ငန်းလုပ်ကိုင်သူသည် မြေသြဇာထုပ်ပိုးသို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကိုဖော်ပြရမည် -

(က) တင်သွင်း၊ ထုတ်လုပ်မှတ်ပုံတင်လက်မှတ်အမှတ်၊

(ခ) အမှတ်တံဆိပ်၊

(ဂ) မြေသြဇာ၏ အသားတင်အလေးချိန်၊

(ဃ) အရည်အသွေးအာမခံချက်၊

(င) မြေသြဇာတွင်ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(စ) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ထုတ်လုပ်သည့်ရက်စွဲနှင့်သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့်နည်းစနစ်၊

(ဆ) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့် သတိပြုရန် အချက်များ။"

၇။ မြေသြဇာဥပဒေပုဒ်မ ၁၇ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါအချက်များဖော်ပြထားသောမှတ်ပုံတင်လက်မှတ်ရရှိထားသည့် မြေသြဇာကိုသာသိုလှောင်ခြင်းသို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းပြုရမည်။"

၈။ မြေသြဇာဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကိုဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီအနည်းဆုံးရက်ပေါင်း၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီစိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။"

၉။ မြေသြဇာဥပဒေပုဒ်မ ၂၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၂၂။ စိုက်ပျိုးရေးဦးစီးဌာနသည် ဤဥပဒေပါစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် -

(က) နေပြည်တော်ကောင်စီ၊တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေအသုံးချရေး တာဝန်ခံ | အဖွဲ့ခေါင်းဆောင်

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူးကတာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး | အဖွဲ့ဝင်များ

(ခ) ခရိုင်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) ခရိုင်မြေအသုံးချရေး တာဝန်ခံ အဖွဲ့ခေါင်းဆောင်

(၂) ခရိုင်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး အဖွဲ့ဝင်များ

(ဂ) မြို့နယ်အဆင့်စစ်ဆေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) မြို့နယ်ဦးစီးမှူး အဖွဲ့ခေါင်းဆောင်

(၂) မြို့နယ်ဦးစီးမှူးက တာဝန်ပေးအပ်သော ဝန်ထမ်းနှစ်ဦး အဖွဲ့ဝင်များ "

၁၀။ မြေသြဇာဥပဒေပုဒ်မ ၂၃တွင် -

(က) ပုဒ်မခွဲ(ခ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ခ) မြေသြဇာကိုစံချိန်စံညွှန်းနှင့် ညီ မညီစစ်ဆေးရန် မြေသြဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့်စစ်ဆေးတွေ့ရှိချက်တို့ကိုမြေအသုံးချရေးဌာနခွဲသို့ ဆက်လက်တင်ပြခြင်း၊"

(ခ) ပုဒ်မခွဲ(ဃ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(ဃ) ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မြေသြဇာကော်မတီသို့ တင်ပြခြင်း၊"

၁၁။ မြေသြဇာဥပဒေပုဒ်မ ၂၆တွင်-

(က) ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်ရရှိသူကပုဒ်မ ၁၅ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊"

(ခ) ပုဒ်မခွဲ(ခ)ကိုပယ်ဖျက်ရမည်။

၁၂။ မြေသြဇာဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်းအစားထိုးရမည် -

"(က) မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာနက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုမကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ မြေသြဇာကော်မတီသို့ အယူခံနိုင်သည်။"

၁၃။ မြေသြဇာဥပဒေ ပုဒ်မ ၃၂တွင်ပါရှိသော "ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း"ဆိုသည့်စကားရပ်ကိုပယ်ဖျက်ရမည်။

၁၄။ မြေသြဇာဥပဒေပုဒ်မ ၃၆ တွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ်၁၅၀၀၀၀ အထိဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀ သိန်းအထိဖြစ်စေ၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြေသြဇာဥပဒေပုဒ်မ၃၇ တွင်ပါရှိသော "ထောင်ဒဏ် ၁နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊" ဆိုသည့် စကားရပ်ကို "ထောင်ဒဏ် တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသိန်းအထိဖြစ်စေ၊" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်